# ဓမ္မခန္ဓာ (၁၄) “အီဗရာဟီးမ်”

ဥဒဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ်– ၇၂၊ သုတ်ဒေသနာ– ၅၂ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>✡ ၁၀း၁ | **الَر كِتَابٌ أَنزَلْنَاهُ إِلَيْكَ لِتُخْرِجَ النَّاسَ مِنَ الظُّلُمَاتِ إِلَى النُّورِ بِإِذْنِ رَبِّهِمْ إِلَى صِرَاطِ الْعَزِيزِ الْحَمِيدِ۞**<br>အလက်ဖ်၊လမ်၊ရာ✡–လူသားတို့အား သူတို့ ကံကြမ္မာရှင်၏ ခွင့်ပြုချက်ဖြင့်၊ ဘုန်းတော်အရှင်၊ ရည်သန်စူးစိုက်အပ်သော အရှင်၏ လမ်းတော်ဆီသို့၊ အမှောင်မှ အလင်းသို့ ထုတ်ဆောင်သည့် သင့်ထံ၌ ချမှတ်ပေးသော ကျမ်းတော်ဖြစ်၏။ |
| ၂။ | **اللهِ الَّذِي لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَوَيْلٌ لِّلْكَافِرِينَ مِنْ عَذَابٍ شَدِيدٍ۞**<br>မိုးများနှင့် မြေကမ္ဘာအတွင်း ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၊ –အရှင်၏ အချုပ်အခြာ၌ ရှိ၏။ ဖုံးကွယ်သူတို့သည်ကား ပြတ်သားသော ဝဋ်ကြွေးထဲ၌ ပျက်စီးဆုံးရှုံးရလတ္တံ့။ |
| ၃။ | **الَّذِينَ يَسْتَحِبُّونَ الْحَيَاةَ الدُّنْيَا عَلَى الآخِرَةِ وَيَصُدُّونَ عَن سَبِيلِ اللهِ وَيَبْغُونَهَا عِوَجًا أُوْلَئِكَ فِي ضَلاَلٍ بَعِيدٍ۞**<br>နောင်ဘဝထက် ဤလက်ရှိသက်တမ်းကို ချစ်ခင်စုံမက်၍၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဟန့်တားပိတ်ပင်လျှက် ၎င်းအား ကောက်ကွေ့စေရန် နည်းရှာသော[၅၇၅] ထိုသူတို့သည် ဝေးစွာ လမ်းလွဲမှု၌ ရှိနေပြီ။ |
| ၄။<br>၂း၇၀ | **وَمَا أَرْسَلْنَا مِن رَّسُولٍ إِلاَّ بِلِسَانِ قَوْمِهِ لِيُبَيِّنَ لَهُمْ فَيُضِلُّ اللهُ مَن يَشَاء وَيَهْدِي مَن يَشَاء وَهُوَ الْعَزِيزُ الْحَكِيمُ۞**<br>ငါသည် လူမျိုးတစ်မျိုးထံသို့ သူတို့အား ရှင်းလင်းပြနိုင်ရန် သူတို့၏ ဘာသာစကားဖြင့်သာ ဥဒဏ်စဉ်ဆောင်များကို စေစား၏။ ပရမတ်ဘုရားရှင်သည် လမ်းလွဲသို့ **စံချိန်ပြည့်**သူ လမ်းမှန်သို့ **စံချိန်ပြည့်**သူကို ပြဌာန်းထား၏။ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၅။ | **وَلَقَدْ أَرْسَلْنَا مُوسَى بِآيَاتِنَا أَنْ أَخْرِجْ قَوْمَكَ مِنَ الظُّلُمَاتِ إِلَى النُّورِ وَذَكِّرْهُمْ بِأَيَّامِ اللهِ إِنَّ فِي ذَلِكَ لآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ۞**<br>ငါသည် မူဆာအား ငါ၏ သုတ္တန်များဖြင့် သူ့လူမျိုးအား အမှောင်မှ အလင်းသို့ ကယ်ထုတ်ရန်၊ ပရမတ်ဘုရားရှင်၏ သတ်မှတ်ရက်များကို သတိရစေရန် စေစား၏၊ ဤ၌ သည်းခံသူ၊ ကျေးဇူးသိတတ်သူတို့အဘို့ သက်သေလက္ခဏာများ ပါရှိ၏။ |

---

(၅၇၅) **ယာ့ဘ်ဂူးနဟာ အေဝါးဂျန်မ် عِوَجًا يَبْغُونَهَا** ဆိုသည်မှာ ရိုးသားဖြူစင်စွာ မတင်ပြဘဲ၊ “ထိုအရာထဲ၌ ကောက်ကျစ်မှုကို ရှာကြံ ဆည်းပူးသည်၊”ဟု အနက်ပေး၏။ အစ္စလာမ် ဆိုသော ခေါင်းစဉ် အောက်တွင်လည်း ပရမတ်ဘုရားရှင် ချမှတ်ပေးသော ကျမ်းမြတ် ကုရ်အာန်အား နားလည်ရန် လေ့လာကြပြဟု တိုက်တွန်းမည့် အစား ဆရာသခင်ကြီးများ၏ ဓမ္မသတ်များအား နာခံရန် ပုံသွင်းနေခြင်းမှာ ရိုးသားမှု အားနည်းလှပေသည်၊

၆။ وَإِذْ قَالَ مُوسَى لِقَوْمِهِ اذْكُرُواْ نِعْمَةَ اللّهِ عَلَيْكُمْ إِذْ أَنجَاكُم مِّنْ آلِ فِرْعَوْنَ يَسُومُونَكُمْ سُوءَ الْعَذَابِ وَيُذَبِّحُونَ أَبْنَاءكُمْ وَيَسْتَحْيُونَ نِسَاءكُمْ وَفِي ذَلِكُم بَلاء مِّن رَّبِّكُمْ عَظِيمٌ ۞

၂း၄၉ မူဆာဖြင့် သူ့လူမျိုးအား ပြောစေသောအခါ "သင်တို့အား ပရမတ်ဘုရားရှင်က ဂုဏ်ပေးမှုများကို သတိရကြလော့၊ သင်တို့၏ သားများကို သုတ်သင်ကာ၊ အမျိုးသမီးများကိုသာ အသက်ဆက်ခွင့်ပေးသည့် ဖါရိုး မင်းဆက်၏ ဖိနှိပ်သော အကုသိုလ် ဝဋ်ကြွေးမှ သင်တို့အား ငါ ကယ်နုတ်ခဲ့ပြီ၊ ထို၌ သင်တို့အား သင်တို့၏ ကံကြမ္မာရှင်မှ စမ်းသပ်မှုကြီး ရှိနေပြီ၊" ဟု ဖြစ်၏။

၇။ وَإِذْ تَأَذَّنَ رَبُّكُمْ لَئِن شَكَرْتُمْ لأَزِيدَنَّكُمْ وَلَئِن كَفَرْتُمْ إِنَّ عَذَابِي لَشَدِيدٌ ۞

ရှင့်ကျူး သင်တို့၏ ကံကြမ္မာရှင်က **နှိုးဆော်**သည်မှာ သင်တို့သည် ကျေးဇူးသိတတ်လျှင် သင်တို့အား တိုးပွားစေမည်။ သင်တို့သည် ဖုံးကွယ်ကြသော် ပြတ်သားသော ဝဋ်ကြွေးသည် ရှိနေ၏။

၈။ وَقَالَ مُوسَى إِن تَكْفُرُواْ أَنتُمْ وَمَن فِي الأَرْضِ جَمِيعًا فَإِنَّ اللّهَ لَغَنِيٌّ حَمِيدٌ ۞

ကျေးဇူး မူဆာက "သင်တို့နှင့် ကမ္ဘာမြေမှ အလုံးစုံသည် **ဖုံးကွယ်**ငြားသော်လည်း၊ ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံ၏၊ ရည်သန် စူးစိုက်မှုတည်ရာ ဖြစ်၏၊" ဟု ဟောကြား၏။

၉။ أَلَمْ يَأْتِكُمْ نَبَأُ الَّذِينَ مِن قَبْلِكُمْ قَوْمِ نُوحٍ وَعَادٍ وَثَمُودَ وَالَّذِينَ مِن بَعْدِهِمْ لاَ يَعْلَمُهُمْ إِلاَّ اللّهُ جَاءتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَرَدُّواْ أَيْدِيَهُمْ فِي أَفْوَاهِهِمْ وَقَالُواْ إِنَّا كَفَرْنَا بِمَا أُرْسِلْتُم بِهِ وَإِنَّا لَفِي شَكٍّ مِّمَّا تَدْعُونَنَا إِلَيْهِ مُرِيبٍ ۞

သင်တို့မတိုင်မီ သူများဖြစ်သာ နူးဟ်၊ အာဒ်၊ သမု–ဒ်နှင့် သူတို့နောက် လူမျိုးများ၏ အကြောင်းကို သင်တို့ထံသို့ ငါ မပေးရောက်ခဲ့သလော။ ပရမတ်ဘုရားရှင် မှအပ သူတို့ကို သိသူ မရှိချေ။ သူတို့အတွက် ဉာဏ်စဉ်ဆောင်များသည် ရှင်းလင်းချက်များဖြင့် သူတို့ထံသို့ ရောက်လာ၏၊ သို့သော် သူတို့သည် သူတို့၏ ပါးစပ်များအတွင်း လက်ချောင်း များကို ပိတ်ဆို့လျှက်[၅၇၆] "သင်တို့အား စေစားခြင်းကို ကျွန်ုပ်တို့ လက်မခံ၊ ကျွန်ုပ်တို့အား ဖိတ်ခေါ်မှု၌ ဒွိဟဖြစ်၍၊ ၎င်းကို သံသယရှိ၏၊" ဟု ဆိုကြ၏။

၁၀။ قَالَتْ رُسُلُهُمْ أَفِي اللّهِ شَكٌّ فَاطِرِ السَّمَاوَاتِ وَالأَرْضِ يَدْعُوكُمْ لِيَغْفِرَ لَكُم مِّن ذُنُوبِكُمْ وَيُؤَخِّرَكُمْ إِلَى أَجَلٍ مُّسَمًّى قَالُواْ إِنْ أَنتُمْ إِلاَّ بَشَرٌ مِّثْلُنَا تُرِيدُونَ أَن تَصُدُّونَا عَمَّا كَانَ يَعْبُدُ آبَآؤُنَا فَأْتُونَا بِسُلْطَانٍ مُّبِينٍ

သူတို့၏ ဉာဏ်စဉ်ဆောင်များက "မိုးများနှင့် မြေကမ္ဘာအား စတည်ပေးသော☆ ပရမတ်ဘုရားရှင်၌ ဒွိဟ ဖြစ်ကြကုန်

☆ ၂း၂၁၊ ၁၁၇ သလော။ အရှင်သည် သင်တို့အား လွတ်ငြိမ်းခွင့်ပေးရန်၊ သတ်မှတ် အချိန်ထိ သင်တို့၏ ပြစ်မှုများကို နောက်ဆုတ်ပေး ရန် ဖိတ်ခေါ်၏၊" ဟု ဆိုသော်၊ သူတို့က "သင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူသားမျှသာ ဖြစ်၍၊ ကျွန်ုပ်တို့ မိဘများ ကိုး ကွယ်ခဲ့ရာမှ ကျွန်ုပ်တို့အား ဟန့်တားသူများသာ ဖြစ်၏။ ရှင်းလင်းသော အထောက်အထားကို ကျွန်ုပ်တို့အား ပေးအပ် လော့၊" ဟု ဆိုကြ၏။

၁၁။ قَالَتْ لَهُمْ رُسُلُهُمْ إِن نَّحْنُ إِلاَّ بَشَرٌ مِّثْلُكُمْ وَلَكِنَّ اللّهَ يَمُنُّ عَلَى مَن يَشَاء مِنْ عِبَادِهِ وَمَا كَانَ لَنَا أَن نَّأْتِيَكُم بِسُلْطَانٍ إِلاَّ بِإِذْنِ اللّهِ وَعلَى اللّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ۞

သူတို့၏ ဉာဏ်စဉ်ဆောင်များက သူတို့အား ပြောသည်မှာ "ကျွန်ုပ်တို့သည် သင်တို့ကဲ့သို့ လူသားမျှသာ ဖြစ်၏။ သို့သော် ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်များမှ စံချိန်ပြည့်သူအား မျက်နှာရစေတော်မူ၏။ ပရမတ်

---

(၅၇၆) "ပါးစပ်များအတွင်း လက်ချောင်းများကို ပိတ်ဆို့လျှက်" ဆိုသည်မှာ အမျက်ဒေါသကို ဖေါ်ပြသည် (၃း၁၁၈) ဟု ဆိုလိုပေသည်။

| | |
|---|---|
| | ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ ကျွန်ုပ်တို့သည် သင်တို့အား အထောက်အထား ပေးအပ်နိုင်ခြင်း မရှိချေ။ ယုံကြည်သူများသည် ပရမတ်ဘုရားရှင်၌ ယုံပုံကိုးစားအပ်၏။– |
| ၁၂။ | وَمَا لَنَا أَلاَّ نَتَوَكَّلَ عَلَى اللّهِ وَقَدْ هَدَانَا سُبُلَنَا وَلَنَصْبِرَنَّ عَلَى مَا آذَيْتُمُونَا وَعَلَى اللّهِ فَلْيَتَوَكَّلِ الْمُتَوَكِّلُونَ ۞<br>–ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်အား အဘယ်ကြောင့် မကိုးစားအပ်သနည်း။ အရှင်သည် ကျွန်ုပ်တို့အား လမ်းစဉ်များကို ညွှန်ပြပြီ။ ကျွန်ုပ်တို့သည် သင်တို့၏ ညှင်းပန်းမှုကို ကြံ့ကြံ့ခံရပေတော့မည်။ ယုံကြည်ကိုးစားသူတို့သည် ပရမတ်ဘုရားရှင်ကိုသာ ကိုးစားကြကုန်၏။” |
| ၁၃။<br><br>ကျင့်စဉ်၌ | وَقَالَ الَّذِينَ كَفَرُواْ لِرُسُلِهِمْ لَنُخْرِجَنَّكُم مِّنْ أَرْضِنَآ أَوْ لَتَعُودُنَّ فِي مِلَّتِنَا فَأَوْحَى إِلَيْهِمْ رَبُّهُمْ لَنُهْلِكَنَّ الظَّالِمِينَ ۞<br>ဖုံးကွယ်သော သူများက ဥဂ်္ဂဏ်စဉ်ဆောင်များအား “ကျွန်ုပ်တို့၏ **ဘာသာ**၌ ဆက်လက်မကျင့်လျှင် ကျွန်ုပ်တို့သည် သင်တို့အား ကျွန်ုပ်တို့ ကမ္ဘာမှ မောင်းထုတ်ရလတ္တံ့။”ဟု ဆိုသော်။ သူတို့အား ကံကြမ္မာရှင်က “ငါသည် အမိုက်ကောင်များကို တိမ်ကောပျက်စီးစေမည်၊”ဟု အာရုံဖြစ်ပေါ်စေ၏။ |
| ၁၄။<br>တိုင်း<br>ပြည် | وَلَنُسْكِنَنَّكُمُ الأَرْضَ مِن بَعْدِهِمْ ذَلِكَ لِمَنْ خَافَ مَقَامِي وَخَافَ وَعِيدِ ۞<br>“သူတို့၏နောက် ထို**ကမ္ဘာ**၌ သင်တို့အား နေရာချပေးလတ္တံ့။ ဤသည် ငါ၏ မြဲမြံသောဂုဏ်အား ကြောက်ရွံ့သူ၊ ထားရှိသာ ကတိတော်အား ကြောက်ရွံ့သူတို့ အတွက် ဖြစ်၏။ |
| ၁၅။ | وَاسْتَفْتَحُواْ وَخَابَ كُلُّ جَبَّارٍ عَنِيدٍ ۞<br>တောင်းဆိုမှုများကြောင့် ခေါင်းမာ မာန်မောက် သူတိုင်းသည် ကျဆုံးရလေ၏။ |
| ၁၆။ | مِّن وَرَآئِهِ جَهَنَّمُ وَيُسْقَى مِن مَّاء صَدِيدٍ ۞<br>ငရဲသည် သူ့ရှေ့၌ ရှိ၍၊ သူသည် ရေပုပ်ကိုသာ[၅၇၇] သောက်မြိုရလတ္တံ့။ |
| ၁၇။ | يَتَجَرَّعُهُ وَلاَ يَكَادُ يُسِيغُهُ وَيَأْتِيهِ الْمَوْتُ مِن كُلِّ مَكَانٍ وَمَا هُوَ بِمَيِّتٍ وَمِن وَرَآئِهِ عَذَابٌ غَلِيظٌ ۞<br>၎င်းကို တစ်ကျိုက်ချင်းသောက်သော်လည်း မြို၍ မရနိုင်၊ သေခြင်းသည် သူ့ထံသို့ အဘက်ဘက်မှ ရောက်သော်လည်း၊ သေ၍ မရနိုင်၊ ဒေါသထွက်နေသော ဝဋ်ဒုက္ခသည် သူ့ရှေ့၌ ရှိနေသေး၏။ |
| ၁၈။ | مَّثَلُ الَّذِينَ كَفَرُواْ بِرَبِّهِمْ أَعْمَالُهُمْ كَرَمَادٍ اشْتَدَّتْ بِهِ الرِّيحُ فِي يَوْمٍ عَاصِفٍ لاَّ يَقْدِرُونَ مِمَّا كَسَبُواْ عَلَى شَيْءٍ ذَلِكَ هُوَ الضَّلاَلُ الْبَعِيدُ ۞<br>ကံကြမ္မာရှင်အား ဖုံးကွယ်သော သူတို့၏ ဥပမာကား၊ သူတို့၏ ကျင့်ဆောင်မှုများသည် မုန်တိုင်းတိုက်သော ကာလတွင် လေပြင်းထိသော ပြာမှုံကဲ့သို့ ဖြစ်၏။ သူတို့၏ ဆောင်ရွက်မှုကို စိုးစဉ်းမျှ ထိန်းချုပ်မထားနိုင်ပေ။ ဤသည် ဝေးစွာ လွဲချော်ရခြင်းပင် ဖြစ်၏။ |
| ၁၉။<br><br>✡ ၂း၇၀ | أَلَمْ تَرَ أَنَّ اللّهَ خَلَقَ السَّمَاوَاتِ وَالأَرْضَ بِالْحقِّ إِن يَشَأْ يُذْهِبْكُمْ وَيَأْتِ بِخَلْقٍ جَدِيد ۞<br>ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကို မှန်ကန်ညီညွတ်စွာ ဖြစ်တည်စေ၏။ စံချိန်အတိုင်း✡ သင်တို့အား သိမ်းယူလျှက် မျိုးဆက်သစ်ကို ဖြစ်တည် ယူဆောင်နိုင်၏ ဆိုသည်ကို သင်တို့ မဆင်ခြင်မိသလော။ |
| ၂၀။ | وَمَا ذَلِكَ عَلَى اللّهِ بِعَزِيزٍ ۞ |

(၅၇၇) **ဆွဒီးဒ်** ၏ အဓိပ္ပါယ်မှာ “ပြည်ပုပ်၊ ရေပုပ်၊ ပူသော သို့မဟုတ် ဆူပွက်သော ရေ” ဟု ဖြစ်ပေသည်။ သို့သော် “ပြည်ပုပ်” ဆိုသော စကားကို နောက်မှ **မာအွန်** ရေ ဆိုသော စကားလုံးနှင့် တွဲလေ့ မရှိပေ။ ထို့ကြောင့် **မာအင်–ဆွဒီးဒ်** ကိုဤနေရာ၌ “ရေပုပ်” ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ယင်းသည် ပရမတ်ဘုရားရှင် အတွက် ကြီးကျယ်လှသည် မဟုတ်ချေ။ |
| ၂၁။<br><br><br>ဒကာ<br>များက<br>ဆရာ<br>များကို | وَبَرَزُواْ لِلّهِ جَمِيعًا فَقَالَ الضُّعَفَاء لِلَّذِينَ اسْتَكْبَرُواْ إِنَّا كُنَّا لَكُمْ تَبَعًا فَهَلْ أَنتُم مُّغْنُونَ عَنَّا مِنْ عَذَابِ اللّهِ مِن شَيْءٍ قَالُواْ لَوْ هَدَانَا اللّهُ لَهَدَيْنَاكُمْ سَوَاء عَلَيْنَآ أَجَزِعْنَا أَمْ صَبَرْنَا مَا لَنَا مِن مَّحِيصٍ۞<br>ပရမတ်ဘုရားရှင်ထံ၌ အလုံးစုံ ရင်ဆိုင်ဖြေရှင်းရချိန်တွင်၊ **အားနည်းသူများက ခေါင်းမော့သူများကို** “ကျွန်ုပ်တို့သည် သင်တို့၏ ဒကာများ ဖြစ်ခဲ့၏။ ပရမတ်ဘုရားရှင် ချမှတ်သော ဝဋ်ကြွေးမှ တစ်စုံတစ်ရာကို ကျွန်ုပ်တို့ထံမှ သင်တို့ ဖယ်ရှားနိုင်ပါသလော၊”ဟု မေးသော်–သူတို့က “ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့အား လမ်းညွှန်ခဲ့အံ့၊ ကျွန်ုပ်တို့သည် သင်တို့အား လမ်းညွှန်ခဲ့မည်ပင်၊ ကျွန်ုပ်တို့လည်း အတူတူပင် ဖြစ်၏။ ကျွန်ုပ်တို့ ခံနိုင်ရည် မရှိသည်ဖြစ်စေ၊ သည်းခံနိုင်သည် ဖြစ်စေ ထွက်လမ်း မရှိပေ၊”ဟု ဆိုကြ၏။ |
| ၂၂။<br><br><br><br>☆ ၂း၁၄<br><br><br>✡<br>၃၅း၁၄ | وَقَالَ الشَّيْطَانُ لَمَّا قُضِيَ الأَمْرُ إِنَّ اللّهَ وَعَدَكُمْ وَعْدَ الْحَقِّ وَوَعَدتُّكُمْ فَأَخْلَفْتُكُمْ وَمَا كَانَ لِيَ عَلَيْكُم مِّن سُلْطَانٍ إِلاَّ أَن دَعَوْتُكُمْ فَاسْتَجَبْتُمْ لِي فَلاَ تَلُومُونِي وَلُومُواْ أَنفُسَكُم مَّا أَنَاْ بِمُصْرِخِكُمْ وَمَا أَنتُمْ بِمُصْرِخِيَّ إِنِّي كَفَرْتُ بِمَآ أَشْرَكْتُمُونِ مِن قَبْلُ إِنَّ الظَّالِمِينَ لَهُمْ عَذَابٌ أَلِيمٌ۞<br>စီမံမိန့်ကို အတည်ပြုပြီးနောက် မကောင်းဆိုးဝါးက☆“ပရမတ်ဘုရားရှင်သည် သင်တို့အား ကတိပြုခြင်းသည် မှန်ကန်သော ကတိပင် ဖြစ်၏။ ကျွန်ုပ်က သင်တို့ကို ပြုသော ကတိအား တည်ရန် ကျွန်ုပ် ပျက်ခဲ့၏။ သင်တို့အပေါ်၌ ကျွန်ုပ် သြဇာအာဏာ မရှိချေ။ သင်တို့အား ကျွန်ုပ် ဖိတ်ခေါ်သည်ကို သင်တို့က လိုလားလက်ခံ၍ ကျွန်ုပ်အား အပြစ်မတင်ကြလင့်၊ သင်တို့၏ စရိုက်ကိုသာ သင်တို့ အပြစ်တင်ကြလော့။ ကျွန်ုပ်သည် သင်တို့အား ကူညီနိုင်သူ မဟုတ်၊ သင်တို့လည်း ကျွန်ုပ်အား ကူညီနိုင်သူ မဟုတ်ပေ။ ယခင်က ကျွန်ုပ်အား အသင်တို့က ရောပြွန်းကိုးကွယ်ခဲ့သည်ကို ကျွန်ုပ် မယုံကြည်၊✡ အမိုက်စီးသော သူတို့အတို့ နာကျင်သော ဝဋ်ဒုက္ခသည် ရှိနေ၏၊”ဟု ဆိုလတ္တံ့။ |
| ၂၃။ | وَأُدْخِلَ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا بِإِذْنِ رَبِّهِمْ تَحِيَّتُهُمْ فِيهَا سَلاَمٌ۞<br>ယုံကြည်လျက် ပြုပြင်မှုကို ကျင့်ကြံသော သူတို့သည် အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံသို့ ဝင်လော့။ သူတို့ကံကြမ္မာရှင်၏ ခွင့်ပြုချက်ဖြင့် ထို၌ ကာလမဲ့စံစားစေ၍၊ ထို၌ “ငြိမ်းချမ်းပါစေ၊”ဟု နှုတ်ခွန်း ဆက်သကြကုန်၏။ |
| ၂၄။ | أَلَمْ تَرَ كَيْفَ ضَرَبَ اللّهُ مَثَلاً كَلِمَةً طَيِّبَةً كَشَجَرةٍ طَيِّبَةٍ أَصْلُهَا ثَابِتٌ وَفَرْعُهَا فِي السَّمَاء۞<br>သန့်စင်သော စကားတစ်ခွန်းသည် ခိုင်မြဲစွာ အမြစ်တွယ်လျက် ကောင်းကင်ဘနန်းထိ အခက်ဖြာသော သစ်ပင်နှင့် တူကြောင်း ပရမတ်ဘုရားရှင်ပြုသော ပမည်းပမာသည် မည်သို့ဖြစ်သည်ကို မဆင်ခြင်မိကြသလော။ |
| ၂၅။ | تُؤْتِي أُكُلَهَا كُلَّ حِينٍ بِإِذْنِ رَبِّهَا وَيَضْرِبُ اللّهُ الأَمْثَالَ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُونَ۞<br>ကံကြမ္မာရှင်၏ ခွင့်ပြုချက်ဖြင့် ထိုမှ အသီးများသည် ရာသီတိုင်း၌ ပေးလျက်ရှိ၏။ လူသားတို့သည် သတိရကောင်းအံ့ငှာ ပရမတ်ဘုရားရှင်သည် ဥပမာပုံကို ပြုတော်မူ၏။ |
| ၂၆ | وَمَثلُ كَلِمَةٍ خَبِيثَةٍ كَشَجَرَةٍ خَبِيثَةٍ اجْتُثَّتْ مِن فَوْقِ الأَرْضِ مَا لَهَا مِن قَرَارٍ۞<br>မသန့်စင်သော စကားတစ်ခွန်းသည် ကမ္ဘာမြေပြင်ပေါ်သို့ ဆွဲနုတ်ခံရသော မကောင်းသော အပင်ကဲ့သို့ ဖြစ်၏။ ၎င်းသည် အတည်တကျ မဟုတ်ချေ။ |
| ၂၇။ | يُثَبِّتُ اللّهُ الَّذِينَ آمَنُواْ بِالْقَوْلِ الثَّابِتِ فِي الْحَيَاةِ الدُّنْيَا وَفِي الآخِرَةِ وَيُضِلُّ اللّهُ الظَّالِمِينَ وَيَفْعَلُ اللّهُ مَا يَشَاء۞ |

| | |
|---|---|
| ကတိတော်<br><br>☆ ၂း၇၀ | ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့အား ခိုင်မာသော **ဓမ္မတော်**အားဖြင့် ဤဘဝသက်တမ်းနှင့် နောင်ဘဝတွင် ခိုင်မာစေတော်မူ၏။ ပရမတ်ဘုရားရှင်သည် အမိုက်ကောင်တို့အား အပါယ်သို့ ရောက်စေလတ္တံ့။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သည်ကို☆ စီရင်တော်မူ၏။ |
| ၂၈။ | **أَلَمْ تَرَ إِلَى الَّذِينَ بَدَّلُواْ نِعْمَةَ اللّهِ كُفْرًا وَأَحَلُّواْ قَوْمَهُمْ دَارَ الْبَوَارِ۞**<br>ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ဖုံးကွယ်ခြင်းဖြင့် ပြောင်းလဲ၍၊ သူတို့၏ လူမျိုးများကို ပျက်စီးခြင်း ဗိမာန်သို့ ဆွဲခေါ်သော သူများကို သင် မသုံးသပ်မိသလော။ |
| ၂၉။ | **جَهَنَّمَ يَصْلَوْنَهَا وَبِئْسَ الْقَرَارُ۞**<br>ငရဲပြည်၊ ထိုၶ္ သူတို့အား တစ်သားတည်း ဖြစ်စေလတ္တံ့၊ ယင်းသည် ဆိုးဝါးသော နေထိုင်ရာဖြစ်၏။ |
| ၃၀။<br><br>✡ ၂း၂၆ | **وَجَعَلُواْ لِلّهِ أَندَادًا لِّيُضِلُّواْ عَن سَبِيلِهِ قُلْ تَمَتَّعُواْ فَإِنَّ مَصِيرَكُمْ إِلَى النَّارِ۞**<br>သူတို့သည် ပရမတ်ဘုရားရှင်အား ဂုဏ်ပြိုင်တုဘက် ထုဆစ်ကြ၏။ အရှင့်လမ်းစဉ်တော်မှာ လမ်းလွဲကြ၏။ "ပျော်မြူးနေကြလော့၊ သင်တို့၏ ပန်းတိုင်သည် အပူမီးသို့✡ ဖြစ်၏၊"ဟု ဟောကြားလော့။ |
| ၃၁။<br><br>☆၂း၃ | **قُل لِّعِبَادِيَ الَّذِينَ آمَنُواْ يُقِيمُواْ الصَّلاَةَ وَيُنفِقُواْ مِمَّا رَزَقْنَاهُمْ سِرًّا وَعَلانِيَةً مِّن قَبْلِ أَن يَأْتِيَ يَوْمٌ لاَّ بَيْعٌ فِيهِ وَلاَ خِلاَلٌ۞**<br>ယုံကြည်သောသူ- ငါ၏ အမှုတော်ဆောင်များအား "ကိုယ်စားခံယူ၊[၅၇၈] အမျိုးစပ်၍ မရသော နေ့ကာလ မတိုင်မီ စိတ်လေ့ကျင့်မှု☆ မြဲကြရန်၊ သင်တို့အား ငါအရှင် ရိက္ခာပေးရာမှ တိတ်တဆိတ်ဖြစ်စေ၊ ပွင့်လင်းစွာ ဖြစ်စေ လှူဒါန်းပေးဝေကြရန်၊" ဟောပြောလော့။ |
| ၃၂။ | **اللّهُ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ وَأَنزَلَ مِنَ السَّمَاء مَاء فَأَخْرَجَ بِهِ مِنَ الثَّمَرَاتِ رِزْقًا لَّكُمْ وَسَخَّرَ لَكُمُ الْفُلْكَ لِتَجْرِيَ فِي الْبَحْرِ بِأَمْرِهِ وَسَخَّرَ لَكُمُ الأَنْهَارَ۞**<br>ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကို ဖြစ်တည်စေသော အရှင် ဖြစ်၏။ ကောင်းကင်ယံမှ မိုးရေကို သွန်းဖြိုးပေး၍ ၎င်းဖြင့် သင်တို့အတွက် ရိက္ခာ သစ်သီးဝလံများကို ပေါက်ရောက်စေ၏။ အရှင်၏ စီမံချက်ဖြင့် သင်တို့ အတွက် ပင်လယ်ပြင်၌ စီးမျောနိုင်သော ရေယာဉ်များကို အသုံးခံဖြစ်စေ၏။ သင်တို့ အသုံးခံအဖြစ် မြစ်ချောင်းများကို စီမံပေး၏။ |
| ၃၃။ | **وَسَخَّر لَكُمُ الشَّمْسَ وَالْقَمَرَ دَآئِبَينَ وَسَخَّرَ لَكُمُ اللَّيْلَ وَالنَّهَارَ۞**<br>သင်တို့အတွက် အဆက်မပြတ် နေနှင့်လကို အသုံးခံဖြစ်စေ၏။ ညနှင့်နေ့ကိုလည်း သင်တို့အတွက် အသုံးခံဖြစ်စေ၏။ |
| ၃၄။ | **وَآتَاكُم مِّن كُلِّ مَا سَأَلْتُمُوهُ وَإِن تَعُدُّواْ نِعْمَتَ اللّهِ لاَ تُحْصُوهَا إِنَّ الإِنسَانَ لَظَلُومٌ كَفَّارٌ۞**<br>သင်တို့ လိုလိုလားလား တောင့်တသမျှကို ပေးအပ်တော်မူ၏၊ အကယ်၍ ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ရေတွက်သော် သတ်မှတ်နိုင်သည်ဟု မရှိချေ။ ကေန်ပင် လူသားသည် မိုက်မဲလှ၏ ဖုံးကွယ်လှ၏။[၅၇၉] |

---

(၅၇၈) **ဘိုင်းအွန်** **بَيْعٌ** ဆိုသည်မှာ အပြန်အလှန် ဖလှယ်သည်ဟု ဖြစ်ပေသည်။ တစ်ဦးတစ်ယောက်အား မိမိ၏ ယုံကြည်မှုကို အပ်နှံလျှင် ထိုယုံကြည်ခံရ သူက မိမိ၏ အပြစ်များကို ကိုယ်စား ခံယူမည်ဟု အပေးအယူလုပ် ဖလှယ်ခြင်းကို ဆိုလိုသောကြောင့် ဤနေရာတွင် **ဘိုင်းအွန်**ကို "ကိုယ်စားခံယူသည်" ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

(၅၇၉) ဤသုတ်တော်တွင် ဖေါ်ပြသော "လိုလိုလားလား တောင့်တသမျှကို ပေးအပ်တော်မူ၏" ဆိုသည်မှာ လူသားသည် လိုချင်သော အရာတစ်ခု၌ စိတ်ကို တစ်စိုက်မတ်မတ် ထား၍ ဇွဲနပဲဖြင့် စူးစမ်းရှာဖွေလျှင် ထိုအရာ ဖြစ်ပေါ်ရန် လောက၏ လျှို့ဝှက်ချက်များကို သိလာသည်။ ရရှိလာသည်ကို ရည်ညွှန်းပေသည်။ လူသားသည် မည်သည့် ပညာရပ်ကို မဆို ရှာဖွေကြံဆ နည်းလမ်း ရနိုင်ပေသည်။ သို့သော် ထိုသို့ အဖြေ ရလာသောအခါ ဥာဏ်စဉ်၏ ဇစ်မြစ်တော် အရှင်အား ကျေးဇူးတင်ရမှန်း မသိကြောင်းကို ဤသုတ်တော်က ထောက်ပြထားပေသည်။

| | |
|---|---|
| ၃၅။<br>✡<br>၂း၁၂၆ | وَإِذْ قَالَ إِبْرَاهِيمُ رَبِّ اجْعَلْ هَذَا الْبَلَدَ آمِنًا وَاجْنُبْنِي وَبَنِيَّ أَن نَّعْبُدَ الأَصْنَامَ۞<br>အီဗရာဟီးမ်က✡ "အို ကံကြမ္မာရှင် ဤဒေသအား ဘေးကင်းလုံခြုံရန် ပြုတော်မူပါ၊ တပည့်တော်နှင့် သားမြေးတို့အား ရုပ်ပွားဆင်းတု ကိုးကွယ်ခြင်းမှ ကယ်နုတ်တော်မူပါ။– |
| ၃၆။ | رَبِّ إِنَّهُنَّ أَضْلَلْنَ كَثِيرًا مِّنَ النَّاسِ فَمَن تَبِعَنِي فَإِنَّهُ مِنِّي وَمَنْ عَصَانِي فَإِنَّكَ غَفُورٌ رَّحِيمٌ۞<br>–အို ကံကြမ္မာရှင် ၎င်းတို့သည် လူသားများစွာတို့ကို လွဲမှားစေပါပြီ။ တပည့်တော်အား လိုက်နာသူသည် တပည့်တော်နှင့် အတူဖြစ်၍၊ တပည့်တော်အား အာခံသူအတွက် အရှင်သည် လွတ်ငြိမ်းစေသော၊ ကြင်နာသော အရှင် ဖြစ်ပါ၏။– |
| ၃၇။<br>☆ ၂း၃ | رَّبَّنَا إِنِّي أَسْكَنتُ مِن ذُرِّيَّتِي بِوَادٍ غَيْرِ ذِي زَرْعٍ عِندَ بَيْتِكَ الْمُحَرَّمِ رَبَّنَا لِيُقِيمُواْ الصَّلاَةَ فَاجْعَلْ أَفْئِدَةً مِّنَ النَّاسِ تَهْوِي إِلَيْهِمْ وَارْزُقْهُم مِّنَ الثَّمَرَاتِ لَعَلَّهُمْ يَشْكُرُونَ۞<br>–အို ကံကြမ္မာရှင်၊ တပည့်တော်၏ သားမြေးတစ်ချို့ကို အရှင့်၏ အိမ်တော်အနီး သီးနှံမဖြစ်သော တောင်ကြားအရပ်၌ နေရာချထားပါ၏၊ အို ကံကြမ္မာရှင် သူတို့အား စိတ်သင်တန်း☆ မြဲဘို့ရာ– သို့ဖြင့် လူသားတို့အား သဘောပေါက်စေလျက် သူတို့ဘက်သို့ တိမ်းညွတ်ဘို့ရာ ဖြစ်ပါ၏။ ကျေးဇူးတော်အား သိတတ်အံ့ငှာ သူတို့အား သစ်သီးဝလံ ရိက္ခာများ ထောက်တော်မူပါ။[၅၈၀]– |
| ၃၈။ | رَبَّنَا إِنَّكَ تَعْلَمُ مَا نُخْفِي وَمَا نُعْلِنُ وَمَا يَخْفَى عَلَى اللّهِ مِن شَيْءٍ فَي الأَرْضِ وَلاَ فِي السَّمَاء ۞<br>–အို ကံကြမ္မာရှင် တပည့်တော်၏ ထိန်ဝှက်ထားရာ၊ ဖွင့်ဟဝန်ခံရာများကို အရှင်သည် အသိဆုံး ဖြစ်ပါ၏။ မြေကမ္ဘာ၌ ကောင်းကင်များ၌ ပရမတ်ဘုရားရှင်၏ထံမှ ထိန်ဝှက်ထားနိုင်ရာ စိုးစဉ်းမှ မရှိပါ။– |
| ၃၉။ | الْحَمْدُ لِلّهِ الَّذِي وَهَبَ لِي عَلَى الْكِبَرِ إِسْمَاعِيلَ وَإِسْحَقَ إِنَّ رَبِّي لَسَمِيعُ الدُّعَاء ۞<br>–တပည့်တော်၏ ကြီးရင့်ချိန်၌ အီစ္စမာအီလ်နှင့် အီစ္စဟာ့က်တို့အား ပေးခဲ့သော ပရမတ်ဘုရားရှင်သည် ရည်သန်စူးစိုက်မှုတည်ရာ ဖြစ်ပါ၏။ ကံကြမ္မာရှင်သည် တောင်းဆုများကို ကြားနေသောအရှင် ဖြစ်ပါ၏။– |
| ၄၀။ | رَبِّ اجْعَلْنِي مُقِيمَ الصَّلاَةِ وَمِن ذُرِّيَّتِي رَبَّنَا وَتَقَبَّلْ دُعَاء ۞<br>–အို ကံကြမ္မာရှင် တပည့်တော်နှင့် သားမြေးများအား စိတ်လေ့ကျင့်မှု မြဲစေရန် ပြုပေးတော်မူပါ။ အို ကံကြမ္မာရှင် တောင်းဆုများကို အကိုးပြည့်စေတော်မူပါ။– |
| ၄၁။ | رَبَّنَا اغْفِرْ لِي وَلِوَالِدَيَّ وَلِلْمُؤْمِنِينَ يَوْمَ يَقُومُ الْحِسَابُ۞<br>–အို ကံကြမ္မာရှင် တပည့်တော်နှင့် မိဘများ၊ ယုံကြည်သူများကို စရင်းရှင်းသည်ကို ရပ်တည်ရမည့်နေ့တွင် လွတ်ငြိမ်းစေတော်မူပါ၊"ဟု ရင့်ကျူး၏။ |
| ၄၂။ | وَلاَ تَحْسَبَنَّ اللّهَ غَافِلاً عَمَّا يَعْمَلُ الظَّالِمُونَ إِنَّمَا يُؤَخِّرُهُمْ لِيَوْمٍ تَشْخَصُ فِيهِ الأَبْصَارُ۞<br>အမိုက်ကောင်များ၏ ကျင့်ကြံလေသမျှကို ပရမတ်ဘုရားရှင်သည် မေ့လျော့ထားသည်ဟု မတွေးထင်လေနှင့်။ သူတို့အား ကြောက်ရွံ့ မျက်လုံးမျက်ဆံပြူးရမည့် နေ့အထိ အချိန်ဆွဲထားတော်မူ၏။ |
| ၄၃။ | مُهْطِعِينَ مُقْنِعِي رُءُوسِهِمْ لاَ يَرْتَدُّ إِلَيْهِمْ طَرْفُهُمْ وَأَفْئِدَتُهُمْ هَوَاء ۞<br>ရှေ့သို့ လောကြီးနေလျက်၊ ဦးခေါင်းများမှာ မော့နေကြ၍ သူတို့ကိုယ် သူတို့ မျက်လုံးလှန်ကြည့်နိုင်သည် မဟုတ်၊ ခံစား |

**(၅၈၀)** ဤဆုတောင်းပြည့်မှုမှာ အံ့သြစရာပင် ဆက်သွယ်ရေး မကောင်းလှသော ခေတ်ဖြစ်သည့် လွန်ခဲ့သော နှစ်ပေါင်း လေးထောင်ကျော်ကပင် အီဗရာဟီးမ်၏ သားမြေးများသည် ဘုရားရှင်အား ယုံကြည်အားကိုးသော စိတ်ဖြင့် ထိုသီးနှံကင်းမဲ့သည့် ဒေသတွင် နေခဲ့သော်လည်း စိုက်ပျိုးရန် မလိုဘဲ စားရေ ရိက္ခာများ ပေါကြွယ်ဝလျက် ရှိနေပေသည်။ ကိုယ်တော်မုဟမ္မဒ်သည်လည်း နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် အဖြစ် ထိုဒေသမှ တဆင့် ကမ္ဘာ့ လူသားများသို့ ဉာဏ်စဉ်ရေးရာနှင့် အယူသန့်ကိုးကွယ်နည်း အတတ်တည်း ဟူသည့် ရိက္ခာကို ကမ္ဘာသို့ ဝေငှခဲ့ပေသည်။

| | |
|---|---|
| | မှုများမှာ တလှိုက်လှိုက် ဖြစ်နေရ၏။ |
| ၄၄။ | وَأَنذِرِ النَّاسَ يَوْمَ يَأْتِيهِمُ الْعَذَابُ فَيَقُولُ الَّذِينَ ظَلَمُواْ رَبَّنَا أَخِّرْنَا إِلَى أَجَلٍ قَرِيبٍ نُّجِبْ دَعْوَتَكَ وَنَتَّبِعِ الرُّسُلَ أَوَلَمْ تَكُونُواْ أَقْسَمْتُم مِّن قَبْلُ مَا لَكُم مِّن زَوَالٍ۞<br>ဝင့်ကြွေးဒဏ်ကြီး ပေးရောက်မည့်နေ့ကို လူသားတို့အား သတိပေးလော့။ အမိုက်စီးသူများက "အို ကံကြမ္မာရှင် တပည့်တော်တို့အား သတ်မှတ်ချိန်အား နောက်ဆုတ်ပေးပါ။ အရှင့် ဖိတ်ခေါ်မှုအား လိုလားလက်ခံ၍၊ ဉာဏ်စဉ်ဆောင်များကိုလည်း လိုက်နာပါမည်၊"ဟု ဆိုကြ၏။ ကျွန်ုပ်တို့သည် မသေခြင်းဖြင့် နေရလိမ့်မည်ဟု ဤမတိုင်မီက သင်တို့ ကျိန်ဆိုခဲ့ကြသည် မဟုတ်လော။ |
| ၄၅။ | وَسَكَنتُمْ فِي مَسَاكِنِ الَّذِينَ ظَلَمُواْ أَنفُسَهُمْ وَتَبَيَّنَ لَكُمْ كَيْفَ فَعَلْنَا بِهِمْ وَضَرَبْنَا لَكُمُ الأَمْثَالَ۞<br>သူတို့၏စရိုက်ကို သူတို့ အမိုက်စီးစေသူတို့၏ နေရာတွင် သင်တို့သည် အစားထိုးနေခဲ့ပြီ မဟုတ်လော။ ငါသည် သူတို့အား မည်သို့ ပြုလုပ်ခဲ့ကြောင်း၊ သင်တို့အဘို့ ဥပမာများ မည်သို့ ပြခဲ့ကြောင်း သင်တို့အား ရှင်းလင်းစေခဲ့ပြီ မဟုတ်လော။ |
| ၄၆။ | وَقَدْ مَكَرُواْ مَكْرَهُمْ وَعِندَ اللّهِ مَكْرُهُمْ وَإِن كَانَ مَكْرُهُمْ لِتَزُولَ مِنْهُ الْجِبَالُ۞<br>သူတို့၏ ကြံစည်မှုကို သူတို့ကြံစည်ကြ၏။ သူတို့ ကြံစည်လေသမျှသည် ပရမတ်ဘုရားရှင်၏ အထံတော်၌ ရှိနေ၏။ သူတို့၏ ကြံစည်မှုမှာ တောတောင်ကို ရွှေ့ပစ်မလောက်ပင်။ |
| ၄၇။ | فَلاَ تَحْسَبَنَّ اللّهَ مُخْلِفَ وَعْدِهِ رُسُلَهُ إِنَّ اللّهَ عَزِيزٌ ذُو انْتِقَامٍ۞<br>ပရမတ်ဘုရားရှင်သည် အရှင်၏ ဉာဏ်စဉ်ဆောင်များ၌ ထားသော ကတိကို ပေါ့လျော့ထားမည်ဟု မထင်မှတ်နှင့်၊ ပရမတ်ဘုရားရှင်သည်ကား ဘုန်းတော်အရှင် တန်ပြန်စေသော အရှင်ဖြစ်ပေ၏။ |
| ၄၈။ | يَوْمَ تُبَدَّلُ الأَرْضُ غَيْرَ الأَرْضِ وَالسَّمَاوَاتُ وَبَرَزُواْ للّهِ الْوَاحِدِ الْقَهَّارِ۞<br>ကမ္ဘာအား အခြားကမ္ဘာ အဖြစ်၊ ကောင်းကင်များကိုလည်း ထိုသို့ ပြောင်းလဲစေသောနေ့၌[၅၈၁] တစ်ဆူတည်းသော၊ အချုပ်အခြာပိုင်သော ပရမတ်ဘုရားရှင်၏ ထံတော်၌ ရင်ဆိုင်ဖြေရှင်းရကုန်လတ္တံ့။ |

---

**(၅၈၁)** ဤသုတ်တော်ပါ၊ ကမ္ဘာနှင့် ကောင်းကင်ကို အခြားသော ကမ္ဘာသစ် ကောင်းကင်သစ်အဖြစ် ပြောင်းလဲခြင်း ဆိုသည်မှာ ခေတ်ပြောင်းခြင်းကို ဆိုလိုပေသည်။ ထို့အပြင် အခြားသော ရုပ်ပိုင်းဆိုင်ရာ တစ်ရပ်မှာ ဘာသာတရား အားလုံးက ယုံကြည်ထားသည့် ကမ္ဘာပျက်ရခြင်းပင်။ ကမ္ဘာပျက်သောအခါ ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့ အားလုံးသည် ပြေးရာလမ်းမရှိ အားလုံးသေကြေ ပျက်စီးကုန်မည်ဟူသော ပုံပြင် ဆန်ဆန် ယုံကြည်မှုကို ကျမ်းတော်က မသွန်သင်ပေ။ ကမ္ဘာပျက်ရမည်ဟူသော ကျမ်းတော်ပါ အဆုံးအမမှာ လူသားများအား သတိပေးခြင်းသာ ဖြစ်ပေသည်။ အကယ်၍ ရွာတစ်ရွာ၊ ဒေသတစ်ခုသည် မီးလောင်ခြင်း၊ ရေဖုံးလွှမ်းခြင်း စသော ကပ်အမျိုးမျိုးကြောင့် ပျက်စီးရမည်ကို ကြိုတင် သိခဲ့လျှင် ထိုအရပ်ဒေသမှ လူများသည် သူတို့ပိုင်သော၊ သူတို့အတွက် အသုံးဝင်သော သက်ရှိသက်မဲ့များကို ယူဆောင်လျက် အခြား ဒေသတစ်ခုသို့ ပြောင်းရွှေ့သွားရမည်ပင်။ အလားတူပင်၊ အရာဝတ္ထုတိုင်း ရင်ဆိုင်ရမည့် အနိစ္စတရားအောက်တွင် လက်ရှိ ကျွန်ုပ်တို့နေထိုင်သည့် ကမ္ဘာဂြိုလ်သည်လည်း ပါဝင်နေပေသည်။ သူ့သက်တမ်းကုန်လျှင် သူသည်လည်း ပျက်စီးယိုယွင်းရမည်ပင်။ ထိုအချင်းအရာအား ကြိုတင်သိနေလျှင် ကမ္ဘာ၏ ကိုယ်စားလှယ်များ ဖြစ်သော လူသားများက (၆း၁၆၆) ဦးဆောင်၍ အခြား ကမ္ဘာသစ် တစ်ခုအား ပြောင်းရွှေ့နေထိုင်ရမည်ပင်။ ထိုသို့ ပြောင်းရွှေ့ နေနိုင်ရန်အတွက် လူသားများကို နည်းလမ်းရှာနိုင်ရန် ကြိုတင်ပြင်ဆင်နိုင်ရန် ကြိုတင်နေရာချထားနိုင်ရန် သတိပေးခြင်းသာ ဖြစ်ပေသည်။ (၂း၂၉) ၏ အောက်ခြေ ရှင်းလင်းချက်ကို ကြည့်ပါ။ လူသားများ နေထိုင်အချေချရန် အဆင်သင့် မဖြစ်ခဲ့သော နေရာများကို နေထိုင် အခြေချနိုင်ရန် ပြုပြင်လျှက် လူသားများ နေထိုင်ခဲ့သည်မှာ လက်တွေ့ကျသော အဖြစ်အပျက်များ ဖြစ်ပေသည်။ အလားတူပင် ယခုအချိန်၌ လူသားများ အခြေချ နေထိုင်နိုင်ရန် အဆင်သင့် မဖြစ်သေးသော ကမ္ဘာသစ်များမှာ နောင်တစ်ချိန်၌ အခြေချနိုင်သော အဆင့်သို့ ရောက်လာရမည်ပင်။ လူအများက မိရိုးဖလာအတိုင်း ယုံကြည်နေသော ကမ္ဘာပျက်မည့်နေ့ ဆိုသည်ကို ကျမ်းတော်က **ယောင်းမွန်ကီယာမတ်** ဟု ခေါ်ပေသည်။ အဓိပ္ပါယ်မှာ "ပြန်လည် ရှင်သန်သောနေ့" ဟု ဖြစ်၍၊ ကမ္ဘာဂြိုလ်နှင့် အတူ အလုံးစုံသော အရာများသည် တစ်ပြိုင်တည်း သေကြေပျက်စီးသွားမည်ဟု လုံးဝ မဆိုလိုပေ။ ဤသုတ်တော်ကလည်း ကမ္ဘာသစ်၊ ကောင်းကင်သစ်ကို ပြောင်းလဲပေးမည်ဟု အတိအကျ ပြောထားသည့်အပြင်၊ သင်တို့အား အသစ်တဖန် ပြည်လည် ဖြစ်တည်စေမည်ဟု မကြာခဏ ဆိုထားပေသည် (၁၃း၅)။

| | |
|---|---|
| ၄၉။ | **وَتَرَى الْمُجْرِمِينَ يَوْمَئِذٍ مُّقَرَّنِينَ فِي الأَصْفَادِ**۞<br>ထိုနေ့၌ ရာဇဝတ်ကောင်များကို လက်ထိပ်စီတန်း ခပ်ထားသည်ကို သင်မြင်ရလတ္တံ့။[၅၈၂] |
| ၅၀။ | **سَرَابِيلُهُم مِّن قَطِرَانٍ وَتَغْشَى وُجُوهَهُمْ النَّارُ**۞<br>သူတို့၏ အဝတ်အထည်မှာ ကြေးရည်ဖြင့် ပြုလုပ်ထား၍၊ သူတို့၏ မျက်နှာများကို အပူမီးသည် ဖုံးလွှမ်းလတ္တံ့။ |
| ၅၁။ | **لِيَجْزِي اللّهُ كُلَّ نَفْسٍ مَّا كَسَبَتْ إِنَّ اللّهَ سَرِيعُ الْحِسَابِ**۞<br>ပရမတ်ဘုရားရှင်သည် ဥဒ္ဒိစရိုက် ကိုယ်စီအား သူကျင့်ဆောင်ခဲ့သည့်တိုင်း အစားပေးတော်မူမည်။ ကေန်ပင် ပရမတ်ဘုရားရှင်သည် ချက်ချင်းလက်ငင်း စာရင်းရှင်းတော်မူ၏။ |
| ၅၂။ | **هَذَا بَلاَغٌ لِّلنَّاسِ وَلِيُنذَرُواْ بِهِ وَلِيَعْلَمُواْ أَنَّمَا هُوَ إِلَـهٌ وَاحِدٌ وَلِيَذَّكَّرَ أُوْلُواْ الأَلْبَابِ**۞<br>ဤသည် လူသားတို့ထံ အရောက်ပို့သော သတင်းဖြစ်၏။ ၎င်းကို သတိရှိနေစေရန်၊ အရှင်သည် ကောဒိ ဘုရားရှင်ဖြစ်ကြောင်း သိမှတ်ကြရန်၊ တတ်သိပညာရှင်များ ဆင်ခြင်သတိရှိနိုင်ရန် ဖြစ်၏။ |

---

(၅၈၂) ကမ္ဘာသစ် ကောင်းကင်သစ်အား ပြောင်းရွှေ့ခြင်းကို ငရဲကျမည်၊ ဒုက္ခရောက်မည်ဟု မိရိုးဖလာ၌ အယူသည်းလျက် မာနကြီးနေသူများသည် သူတို့နေသော ကမ္ဘာဟောင်း ပျက်စီးရချိန်တွင် ခြေမကိုင်မိ၊ လက်မကိုင်မိ ဒုက္ခရောက်ရပေလိမ့်မည်၊ သူတို့သည် ပျက်စီးသော ကမ္ဘာနှင့်အတူ မီးလောင်ကျွမ်းခြင်းကို ခံရပေလိမ့်မည်ဟု ဤသုတ်တော်နှင့် ဆက်လက်ဖော်ပြသော သုတ်တော် ၅၀ တို့တွင် သတိပေးထားပေသည်။ ကမ္ဘာပြောင်းရန် အာကာသ တံခါးကို ဖွင့်ပေးသော်လည်း မကောင်းဆိုးဝါး၏ နောက်လိုက်များသည် မိရိုးဖလာ၌ စွဲကပ်သောကြောင့် ပစ်ဒုံးများဖြင့် ပစ်ခံရမည်ဟု ၁၅း၁၄—၁၈ တွင် ဆိုထားပေသည်။